# သူ၏ လျှို့ဝှက်လှေကားထစ်များ

By Mary Butterfied

စိတ်အတွင်း၌ လျှင်မြန်စွာတုန့်ပြန်လာသည့် သနားကြင်နာစိတ်တို့ဖြင့် ပြည့်လျှံတက်လာပြီး ခြစ်ခြစ်တောက်ပူသည့်နေကလည်း ပို၍ပြင်းထန်လာသည်ဟု ထင်ရသည်။ ဖုန်များနှင့် မော်တော်ယာဉ်များမှ မှုတ်ထုတ်လိုက်သော မီးခိုးငွေ့များသည် သွားကျိန်းစရာကောင်းသောကားဟွန်းသံတို့နှင့်အတူ လေထဲတွင် ပျံ့လွင့်လာသောအခါ ညည်းညူနေသည့် စိတ်အာရုံကြောများကို ပို၍သာ ဒေါသထွက်စေပါသည်။ ပင်ပန်းနွမ်းနယ်လျက်ရှိပြီး စိုးရိမ်ပူပန်ခြင်းနှင့်သောကရောက်နေသောစိတ်အတွက် ခါးကျိုးသွားစေခဲ့သည့် ဒဏ္ဍာရီထဲမှ နောက်ဆုံးကောက်ရိုးတမျှင်အလားပင်။

တစ်နေ့ လမ်းပေါ်လမ်းလျှောက်လာခဲ့စဉ် အရောင်းအဝယ် လုပ်လိုသော စိတ်ဆန္ဒအပေါ် စိုးရိမ်ပူပန်မှုပေါင်းစုံကို အပြင်းအထန် စဉ်းစားနေမိရာ အဖြစ်က တိမ်မဲညိုများထဲမှ သဲသဲမဲမဲ မိုးထစ်ချုန်းရွာတော့မည့်အလားသဏ္ဍာန်တူနေသည်။ မိမိကိုယ်ကို မိမိသနားသည့်စိတ်က ကျွန်ုပ်အား "မင်းဟာ သနားစရာပဲ၊သနားစရာသတ္တဝါပဲ၊ မင်းဟာ လုပ်စရာတွေ အများကြီးပါလား။ မင်းရဲ့ဘဝဟာလည်း သိပ်ခက်ခဲလွန်းတယ်။ ဒီလေးလံတဲ့ ဝန်ထုပ်က မကြာခင်မှာ မင်းကိုဖျက်ဆီးပစ်လိုက်လိမ့်မယ်"ဟု ပြောခဲ့သည်။

"အား. . . ဟုတ်တယ်၊ ဒါက ငါ့ရဲ့ဘဝကို ချိုးဖဲ့ဖျက်ဆီးလိုက်လိမ့်မယ်။ ဤအဆုံးမရှိ၊ အမြဲတမ်း ပူပင်သောက ဖြစ်ရသော ဒဏ်နှင့် သည်းခံရခက်သော ကြောင့်ကြမှုတို့ကို ကျွန်ုပ်မခံမရပ်နိုင်တော့ပါ။ ကျွန်ုပ်လိုလူမျိုးအတွက် ၎င်းတို့က ကြီးမားလွန်းပါသည်။ ကြည့်စမ်းပါ။ ဤသို့ဖြင့် ကျွန်ုပ်၏နှလုံးသားက မိမိကိုယ်ကို နှစ်သိမ့်လျက် စိတ်မချမ်းသာမှုကို ခံစားနေခဲ့စဉ် တိုးညှင်းညင်သာသော စကားသံတစ်ခုက ပြတ်သားစွာပြောသည်မှာ "ဒီအရာဟာ မင်းကိုမြှင့်တင်ဖို့ ပို့ပေးတာပါ။ဖျက်ဆီးပစ်ဖို့မဟုတ်ပါဘူး။

"တွေ့နိုင်သောကာလတွင်
ထာဝရဘုရားကို ရှာကြလော့။
နီးတော်မူသောကာလတွင်
ဆုတောင်းပဌနာပြုကြလော့။
(ဟေရှာယ ၅၅း၆)

ချက်ခြင်းပင် ကျွန်ုပ်၏ ကြီးမားသောအမှားကို တွေ့မြင်ခဲ့ရပါသည်။ ကျွန်ုပ်၏ နေရာသည် ဝန်ထုပ်၏ အောက်မှာမဟုတ်၊ အပေါ်မှာဖြစ်သည်။ ဤဝန်ကို ကျွန်ုပ်ထမ်းရမည်ဟု ဘုရားသခင်က မဆိုလိုပါ။ သူက ကျွန်ုပ်ကို သယ်ဆောင်ရန် ဝန်ထုပ်ကို ဤနေရာသို့ ပို့ဆောင်ခဲ့ပါသည်။ ကြိုတင်စီမံချက်မပြုမီကပင် ဘုရားသခင်သည် ကျွန်ုပ်၏ မစွမ်းဆောင်နိုင်ခြင်းကို အပြည့်အဝကောင်းစွာ နားလည်ပြီးဖြစ်ပါသည်။ သူ၏သားသမီး၌ အစေခံရန် ကရုဏာတော်နှင့်စွမ်းအားလိုအပ်သည်ကို ကိုယ်တော်သိပါသည်။ သေးသိမ်သော သစ်ခက်သည် ကြီးထွားရန် နေရောင်ခြည်နှင့် မိုးရေလိုအပ်နေပြီး မဖွံ့ဖြိုးသေးသော ပိုးတုံးလုံးကောင် ဘုရားသခင်၌ ယုံကြည်ခြင်း လိုအပ်နေခဲ့သည့် ခွန်အားနည်းသော အသက်တာတစ်ခုက။

ကြွင်းသေးသောစကားဟူမူကား
ညီအစ်ကိုတို့ သခင်ဘုရား
အားဖြင့်လည်းကောင်း၊တန်ခိုးတော်
အရှိန်အားဖြင့်လည်းကောင်း၊
ခိုင်ခံ့ခြင်း ရှိကြလော့။
(ဧဖက် ၆း၁၀)

သူသည် ဤအရာအားလုံးအပြင် နောက်ထပ်အရာများကိုပါ မတွေ့မမြင်ဘဲမနေနိုင်ပါ။ထို့ကြောင့်ကြင်နာသည့်စိတ်ကူးဖြင့်၎င်းအနေနှင့်ကြီးထွားလာခဲ့ရမည့်(သို့)သေဆုံးခဲ့ရမည့်နေရာတွင် နေရာချပေးခဲ့သည်။မိမိဝန်ထုပ်အောက်တွင်ကြောက်ရွံ့တွန့်ဆုတ်နေခြင်းသည်သေနေခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ရသည်။ သို့သော် အထက်သို့တက်ရန် သတ္တိရှိသူများအတွက် အသက်နှင့်စွမ်းအားတို့က စောင့်ဆိုင်းနေပါသည်။ ကျွန်ုပ်တို့၏ ဝန်ထုပ်များမှာ ကျွန်ုပ်တို့၏အတောင်ပံများဖြစ်ပြီးထိုအတောင်ပံများပေါ်မှ ဘုရားသခင်ကျေးဇူးတော် စိုးမိုးရာ ပိုင်နက်များရှိရာသို့ တစ်ဟုန်ထိုးပျံတက်နိုင်ပါသည်။ တောင်ပံများမပါရှိခဲ့လျှင် ယုံကြည်ခြင်းအားနည်းသောအရပ်ဒေသတွင် ထာဝစဉ်လှည့်လည်သွားလာနေရမည်ဖြစ်သည်။အဘယ့်ကြောင့်ဆိုသော် ယုံကြည်ခြင်းသည် မဖြစ်နိုင်သော အခြေအနေများနှင့်လေ့ကျင့်ပြီး ကြီးထွားလာသောကြောင့်ဖြစ်သည်။

အိုကောင်းကင်၏ ဝိရောဓိများ ကျွန်ုပ်တို့ကို ဖိခြေမည်ဟု ထင်ရသော ဝန်ထုပ်များသည် ဘုရားသခင်ထံသို့ ပင့်မစေရန် စေလွှတ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ဖြစ်လျှင် ကျွန်ုပ်၏ဝိညာဉ် ဘုရားသခင်ထံသို့ တက်ပါ။ ဝန်ထုပ်အလေးအောက်ရှိနေသောအရာမှလွဲ၍ မည်သည့်အရာမဆို ဘယ်သောအခါမျှခြေဖျက်ခြင်းကို မခံရနိုင်။ ကျွန်ုပ်တို့မည်ကဲ့သို့တက်လှမ်းကြမည်နည်း? ဘဝအသက်တာ၏ အပြစ်ရှာနေသော စိုးရိမ်ပူပန်မှုများပေါ်မှ ကျော်လွှားသွားရန် မည်သည့်တက်ရောက်ခြင်းမျိုးကိုပြုကြမည်နည်း?သူ၏ နှုတ်ကပတ်တော်ထဲ၌ သူ၏ လျှို့ဝှက်သောလှေခါးထစ်များကိုဖွင့်သည့်သော့အားတွေ့ရှိရပါသည်။တသီးတခြားထိုနေရာတွင်ခရစ်တော်နှင့်တစ်ဦးတည်းရှိခိုက်မိမိတို့၏ဝန်ထုပ်များပေါ် တက်စီးလျက်သူ၌ နားခိုခြင်းသာ။

အားယူ၍ ရဲရင့်ခြင်းရှိလော့၊
မကြောက်နှင့်၊ စိတ်မပျက်နှင့်၊
သွားလေရာရာ၌ သင်၏ဘုရားသခင်
ထာဝရဘုရားရှိသည်ဟုမိန့်တော်မူ၏။
ယောရှု ၁း၈